# ဗိုလ်သန်းရွှေမိန့်ခွန်းနဲ့ အပြောင်းအလဲ

ရှင်တော်ဦးပါချောင်း

ဗိုလ်သန်းရွှေရဲ့မိန့်ခွန်းတခုကို ရှားရှားပါးပါး ကြားလိုက်ရပါတယ်။ ဖက်ဆစ်တော်လှန်ရေးနေ့က။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တောင်းဆိုချက်ကိုတုန့်ပြန်တာပါ။ မြန်လိုက်ပါဘိ။ အဖြေအသင့် ရှိနေတဲ့သဘောပါပဲ။ သူတို့ရဲ့ လမ်းပြမြေပုံအတိုင်း ငါမြင်းငါစိုင်းတော့မယ့်အကြောင်း ကမ္ဘာကိုပါ ကျေညာလိုက်တာလို့ပြောရင် မမှားပါဘူး။

တပါတည်းမှာ စဉ်းစားစရာပေါ်လာတာက နအဖ စစ်ဗိုလ်ချုပ်များဟာ အမေရိကန်နဲ့ စကားပြောခွင့်ရတဲ့အတွက် ပိုပြီးမာနတက်လာ၊ ဘဝင်လေခိုက်နေတာလား၊ ဒါ့သာမက တရုတ်ခေါင်းဆောင်တဦးလည်းလာဆိုတော့ ဗိုလ်သန်းရွှေတို့နိုင်ငံတကာရေးရာမှာ အောင်မြင်မှုတွေရနေလေပလား စတဲ့မေးခွန်းတွေပါ။

ဒါမှမဟုတ်လဲ ဗိုလ်သန်းရွှေရဲ့ဒီမိန့်ခွန်းဟာ သူတို့ရဲ့ရွေးကောက်ပွဲဥပဒေကို စောင်းပါး ရိပ်ခြေကျေညာနေတာများလား။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မစ္စတာစတီဖင်ဘလိတ်လာလိုက်တဲ့အတွက် ဗမာပြည်နိုင်ငံရေးမှာ အပြောင်းအလဲတွေ ဖြစ်တော့မှာလားဆိုပြီး တွေးတောသူတွေအတော်ရှိပါတယ်။

ဗမာပြည်အရေးအပေါ် ဘယ်အတိုင်းအတာအထိ ထိခိုက်နိုင်မလဲဆိုပြီး ဆွေးနွေးကြတာ တွေ့လည်းကြားရပါတယ်။ မီဒီယာအတွက်တော့ စကားဝိုင်းဖန်တီးလို့ကောင်းပေသပေါ့။ ဒါပေမဲ့ ဆွေးနွေးသူတချို့မှာ တကယ်ကိုစိုးရိမ်တဲ့ လေသံတွေပါနေသလား ထင်မှတ်မိပါတယ်။ နောက်ပြီး အမေရိကန်ဟာ လှည့်ရင် တင့်ကားလို ၁၈၀ဒီဂရီ မလှည့်ပါဘူး၊ မီးရထားလို တဖြည်းဖြည်း ချင်းလှည့်မှာပါလို့ ချွေးသိပ်သံတွေလည်းကြားရပါတယ်။ တချို့လောကမှာ ဂယက်မသေးတာ သေချာပါတယ်။

ဒီနေရာမှာ ဗမာပြည်နိုင်ငံရေးရဲ့အပြောင်းအလဲဆိုတာ ဘာလဲဆိုတာကို ပြန်မေးရပါလိမ့်မယ်။

နအဖစစ်ဗိုလ်ချုပ်တွေက ပုံစံပြောင်းပြီး တိုင်းပြည်အာဏာကို ချုပ်ကိုင်လိုက်တာကို အပြောင်းအလဲလို့ ခေါ်မှာလား။ ဒေါ်အောင်ဆန်းစုကြည်ကို အိမ်ချုပ်ကလွှတ်ပေးပြီး ဒီပဲယင်းအခြေအနေမတိုင်မီက လှုပ်ရှားခွင့်ပေးတာလောက်ကို အပြောင်းအလဲခေါ်မှာလား။
နိုင်ငံရေးသမားတွေကို ဖမ်းလိုက်လွှတ်လိုက်လုပ်နေတာကို အကြိမ်ကြိမ် ပြောင်းလဲနေတယ်လို့ ခေါ်မှာလား။

လက်ရှိဗမာပြည်နိုင်ငံရေးရဲ့ အဓိကဝင်ရိုးဟာ နအဖစစ်အစိုးရနဲ့ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေကြတဲ့ပြည်သူလူထု အကြားက ပဋိပက္ခဖြစ်ပါတယ်။ နအဖစစ်အစိုးရနဲ့အမေရိကန်အစိုးရအကြားကပဋိပက္ခမဟုတ်ပါဘူး။ ဒါကြောင့်မို့ သဘောတရား အရပြောရရင် ဗမာပြည်နိုင်ငံရေးရဲ့ အရေးပါတဲ့အပြောင်းအလဲဟာ နအဖနဲ့ပြည်သူလူထုအကြားကပဋိပက္ခကနေ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ နအဖနဲ့အမေရိကန် ဆက်ဆံမှုအကြားကပေါ်ထွက်လာမှာမဟုတ်ပါဘူး။

တချို့သောနိုင်ငံရေးဆောင်ရွက်ချက်တွေကိုလည်းပဲ အလားတူပုံစံထားချက်၊ တိုင်းတာမှုနဲ့ တွက်ရမှာဖြစ်ပါတယ်။ တချို့က အမေရိကန်က နအဖအစိုးရကို အသိအမှတ်ပြုလိုက်ရင် ဘယ်လိုဖြစ်မလဲလို့ စဉ်းစားကြပါတယ်။ အမေရိကန်က နအဖအစိုးရကို အသိအမှတ် ပြု–မပြု ဆိုတဲ့ပြဿနာဟာ ဘယ်တုန်းကမှမတည်ရှိခဲ့ပါဘူး။ တဖက်ကပြောရင် နအဖတည်ရှိမှု မတည်ရှိမှုဟာ အမေရိကန်က အသိအမှတ်ပြု–မပြုဆိုတာအပေါ်မှာ မတည်ပါဘူး။ အိမ်ဖြူတော်က အသိအမှတ်

မပြုလည်း နအဖဟာတည်ရှိနေမှာပါပဲ။

အမေရိကန်ရဲ့ပိတ်ဆို့မှု (sanction) ကိုကြည့်မြင်ရင်လည်း အလားတူပဲကြည့်မြင် ရမယ် ထင်ပါတယ်။ ပိတ်ဆို့မှုဟာနအဖ စစ်အစိုးရအတွက် အခက်အခဲဖြစ်စေတာတော့အမှန်ပါ။ ဒါပေမဲ့ နအဖ ဗိုလ်ချုပ်တွေကို အခြေခံကျတဲ့အပြောင်းအလဲတွေ မလုပ်စေနိုင်ပါဘူး။ ပြည်သူတွေ ဖက်က ကြည့်ရင်တော့ အဲဒီပိတ်ဆို့မှုတွေ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဘာမှသိပ်မထူးခြားပါဘူး။ ဆိုလိုတာ နိုင်ငံရေးအားဖြင့်ပြောတာပါ။ ရှစ်လေးလုံး အရေးတော်ပုံကြီး ပေါ်ပေါက်တာဟာ မဆလ အစိုးရကို နိုင်ငံတကာကအသိအမှတ်ပြုထား ရုံမကအကူအညီတွေ အမျိုးမျိုးပေးနေကြ ချိန်ဖြစ် ပါတယ်။ အဲဒီတုန်းက တိုက်ပွဲဝင်ကြတဲ့ပြည်သူတွေရော၊ ခေါင်းဆောင်တွေပါ မဆလ အစိုးရကို အမေရိကန်ကထောက်ခံထားသလား၊ မထောက်ခံဘူးလားလို့ တွေးတောခဲ့ကြပါသလား။ ဘယ်သူကထောက်ခံထားတာဖြစ်လို့ မဆလအစိုးရကို မဆန့်ကျင်ဘူးလို့ ဘယ်သူ့ခေါင်းထဲမှာများ ပေါ်ခဲ့ဖူးပါသလဲ။

ဗမာပြည်ရဲ့ ဒီမိုက်ရေစီအရေးတော်ပုံမှာ ဒီအရေးတော်ပုံကို တခြားနိုင်ငံအစိုးရတခု၊ ဒါမှ မ ဟုတ် အစိုးရတွေနဲ့ ဆက်ချိတ်စဉ်းစားတဲ့ တွေးခေါ်နည်းဟာ အကျိုးမပေးပါဘူး။ နအဖအစိုးရရဲ့ ပြည်ပဆက်ဆံရေး အခြေအနေကိုကြည့်ပြီး ကိုယ်ကစိတ်ဓာတ် ကျလိုက်၊ တက်လိုက်ဖြစ်နေလို့ လည်းမဖြစ်ပါဘူး။ တကယ်တော့ ဒီလှုပ်ရှားမှုကြီးထဲမှာ ဒီအတွေးအခေါ်ပေါ်နေတာကြာပါပြီ။ ဒါဟာ ကိုယ့်ကိုယ်ကို ယုံကြည်အားကိုးစိတ်ကို လျော့ပါးစေပါတယ်။ ဒီထက် ပိုဆိုးတာကတော့ နိုင်ငံရေးပါတီ၊ ဒါမှမဟုတ် အင်အားစု တရပ်အနေနဲ့ ပြည်ပနိုင်ငံတခုနဲ့ နအဖအစိုးရတို့ရဲ့ ဆက် ဆံမှု အပေါ်အခြေခံပြီး ကိုယ့်လုပ်ငန်းစဉ်၊ လမ်းစဉ်ကိုချမှတ်တာပါပဲ။ ဒါဆိုရင်တော့ ငါးပါးတောင် မှောက်တတ်ပါတယ်။ တဖက်ကပြန်စဉ်းစားလိုက်ရင်လည်း အမေရိကန်နိုင်ငံ၊ ဒါမှမဟုတ် တခြား နိုင်ငံတခုမှာ သမ္မတပြောင်းလဲလို့၊ ဒါမှမဟုတ်ပေါ်လစီပြောင်းလဲလို့ ဗမာပြည်ထဲက အရေးတော် ပုံကြီးတခုကို ထိခိုက်တယ်ဆိုရင် ဒီအရေးတော်ပုံဟာ ရာဇဝင်ရိုင်းရော မဟုတ်ပါလား။

တကယ်လို့ဝါရှင်တန်က နအဖဗိုလ်ချုပ်တွေကို အလျှော့အတင်း လုပ်နိုင်အောင် တိုက် တွန်း

နိုင်တယ်ဆိုရင်တော့ မစ္စတာစတီဖင်ဘလိတ်ရဲ့ ခရီးစဉ်ဟာဗမာနိုင်ငံရဲ့ အပြောင်းအလဲတွေကို တစုံတရာ ထိရောက်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ ဒါတောင်မှ ဒီလိုပြောင်းလဲတာရဲ့ အဓိက အကြောင်းရင်းက ပြည်သူလူထုတွေက နောက်မဆုတ်ပဲ ရပ်ခံနေကြတာဟာ အဓိက အကြောင်းရင်းဖြစ်တယ်ဆိုတာကို မေ့လို့မဖြစ်ပါဘူး။ ရှိစေတော့။ အခုတော့ ဗိုလ်သန်းရွှေက ပြတ်ပြတ် သား သား ပဲ အဖြေပေးလိုက်ပါပြီ။ သူ့အဖြေပေးတာဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို သာမက မစ္စတာစတီဖင်ဘလိတ်ရဲ့ ခရီးစဉ်အပေါ် စဉ်းစားတွက်ဆနေကြတဲ့ ပြည်တွင်းပြည်ပကိုပါ တပါတည်း အဖြေပေးလိုက်တာဖြစ်ပါတယ်။ စိတ်ကူးမယဉ်ကြပါနဲ့–တဲ့။

စီးပွားရေးကပ်ဆိုက်နေတဲ့ အမေရိကန်ဟာ"ဦး"သန်းရွှေ အစိုးရနဲ့လည်း "ဦး"နေဝင်း အစိုးရနဲ့ ဆက်ဆံမှုမျိုးပြန်တာ ရှိကောင်း ထားရှိလာနိုင်ပါတယ်။ အင်ဒိုနီးရှားက တဆင့်လုပ်နေတာတွေရော၊ မစ္စတာစတီဖင်ဘလိတ်လာတာပါ၊ ဒါတွေအားလုံးဟာ ဆက်ဆံမှု အပြောင်းအလဲတွေ လုပ်နိုင်ဖို့အပေးအယူ လုပ်နေကြတာဖြစ်ဖို့များပါတယ်။ တချို့လူတွေ အတွက်တော့ ဒါဟာ "အပြောင်းအလဲကြီးတရပ်"ဖြစ်သွားနိုင်ပါတယ်။ ဒါမှမဟုတ်လည်း သူတို့လုပ်ချင်တာတွေလုပ်ဖို့ အကြောင်းပြစရာ ရသွားနိုင်ပါတယ်။

ဒီလိုဖြစ်သွားရင် ဗမာပြည်ဒီမိုကရေစီအရေးတော်ပုံကို ပြည်သူတွေအနေနဲ့ ဘယ်လိုဆက်လုပ်ကြမလဲ။

ရောက်မလာသေးတဲ့ အနေအထားတခုကို ကြိုပြောရတာခက်ပါတယ်။ ဒါပေမဲ့ အကြမ်းဖျဉ်း ပြောရရင်တော့ အထက်မှာ ပြောခဲ့တဲ့အတိုင်း ဦးနေဝင်းအစိုးရ လက်ထက်တုန်းကလိုပဲ ပြန်လုပ်ကြရ မှာဖြစ်ပါတယ်။

ရာစုနှစ်တဝက်နီးပါး ပြည်သူတွေအသက်သွေးချွေးတွေပေးပြီး တောင်းဆိုတိုက်ပွဲ ဝင်နေခဲ့ကြတာဟာ အနှစ်သာရအရကိုပဲ စစ်အာဏာရှင်လက္ခဏာ စိုးစဉ်းမှမရှိတဲ့အစိုးရ တရပ်ပေါ်ထွက်ရေး ဖြစ်တယ်ဆိုတာ မေ့လို့မဖြစ်ပါဘူး။